ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်

Yangon Protestant Reformed Church

တနင်္ဂနွေစာစောင်၊ နံပတ် (၁၁၀)

နေ့စွဲ – ၃. ၆. ၂၀၁၂

## ချီဆောင်သိမ်းဆည်းခြင်းအကြောင်း (The Rapture)

ချီဆောင်သိမ်းဆည်းခြင်း(ရပ်ချာ)ဆိုသောစကားလုံးသည် ကျမ်းစာတွင်မရှိပါ၊ သို့သော် ခရစ်တော်၏ ရုတ်တရက် မြင်ရလျှက် ပြန်လာခြင်း၊ ထိုအချိန်တွင် သူ၏သန့်ရှင်းသူများကို သူနှင့်လေထဲတွင်တွေ့စုံရန် တိမ်များသို့ ချီဆောင်ခြင်းကို ဖေါ်ပြဖို့ရန် အသုံးပြုနိုင်ပါသည်၊ ထို့အတွက် ကန့်ကွက်ခြင်းမပြုလိုပါ။ ထိုအကြောင်းကို ကျမ်းစာ၌ ၁သက် ၄း၁၅–၁၇ တွင်ဖေါ်ပြပါသည်။ မည်သို့ပင်ဖြစ်ပါစေ ထိုချီဆောင်သိမ်းဆည်းခြင်းသည် တိတ်တဆိတ်ဖြစ်သည်ဟုသင်ခြင်းကိုတော့ ကျမ်းစာနှင့်မကိုက်ညီသဖြင့် ကျွန်တော်တို့ ငြင်းပယ်ကြပါသည်။ ထိုသို့သင်သူများက ဘေးဒဏ်ကြီးကာလမရောက်ခင်၊ ယုံကြည်သူများ ဘေးဒဏ်ကြီးကိုမခံရဖို့ တိတ်တဆိတ်ခေါ်သွားမည်၊ ထို့နောက် နှစ်ပေါင်းတထောင်ကာလသည် ကမ္ဘာကြီးအဆုံးမသတ်မှီဖြစ်လာမည်ဟု သင်ပေးကြပါသည်။ ထိုသို့သောသင်ပေးခြင်းကို ၁သက် ၄ က မထောက်ခံပါ၊ ထို့အတူ ကျမ်းစာတခုလုံးကလည်း မထောက်ခံပါ။

ချီဆောင်သိမ်းဆည်းခြင်းသည် တိတ်တဆိတ်မဟုတ်ပါ။ သက်သာလောနိတ်ဩဝါဒစာတွင်ပါသော အဖြစ်အပျက်များသည် တိတ်တဆိတ်ဆိုသောအရာတခုမှမပါပါ။ ကျယ်စွာအော်သည်ဟုဖတ်ရသည်၊ ကောင်းကင်တမန်အကြီးအကဲ၏ကြွေးကြော်ခြင်းအသံ၊ ဘုရားသခင့်ထရမ်းပက်(တံပိုး)မှုတ်သံ စသည်တို့ကို တိတ်တဆိတ်လုပ်၍မရနိုင်ပါ။ တခုသာ ပြောနိုင်စရာရှိပါသည်၊ ၄င်းမှာ ထို အဖြစ်အပျက်များသည် လူ့သမိုင်းတလျှောက်ပြုခဲ့သောအသံများထဲမှ အကျယ်လောင်ဆုံး၊ အဆူညံဆုံး၊ တိတ်တဆိတ်ဖြစ်မှုအကင်း ဆုံးဖြစ်ပါသည်။

ထိုအဖြစ်အပျက်ကိုဖေါ်ပြကြသည့် အခြားကျမ်းပိုဒ်များကလည်း ထိုသို့ပင်ဖေါ်ပြကြပါသည်။ မဿဲ ၂၄း၃၀–၃၁ ကလည်း ၁သက် ၄ ကဲ့သို့ပင်မှတ်တမ်းတင်ပါသည်။ ကျမ်းပိုဒ်နှစ်ခုစလုံးက ကောင်းကင်တမန်များ၊ ထရမ်းပက်(တံပိုး)မှုတ်ခြင်း၊ ရွေးကောက်ထားသူများကို ခရစ်တော်ထံစုရုံးစေခြင်းတို့ကို ပြောပြပါသည်။ မဿဲ ၂၄း၃၀–၃၁ က ကမ္ဘာပေါ်မှလူမျိုးနွယ်တို့ လူသားတော်ကိုတွေ့ကြသည့်အခါ ဝမ်းနည်းပက်လက် ဖြစ်ကြမည်ကို ထပ်ထည့်ပါသည်။ တိတ်ဆိတ်ဖြစ်ခြင်း တခုမှမရှိပါ။

၁ကော ၁၅း၅၁–၅၂ ကလည်း သံသယမရှိစွာ ၁သက် ၄း၁၅–၁၇ကဖေါ်ပြသည်ကိုပင် ထပ်မံဖေါ်ပြပါသည်။ ထိုနေရာတွင်ပြောပြသည်မှာ ချီဆောင်ခံရမည့်အုပ်စု နှစ်စုရှိလိမ့်မည်၊ သေပြီးယုံကြည်သူများနှင့် မသေသေးသောယုံကြည်သူများ ဖြစ်ကြပါသည်။ မသေသေးသူများကို ကောရင့်ပထမဆောင်က "အိပ်မပျော်သေးသူများ"ဟုသုံးနှုံးဖေါ်ပြပါသည်။ သက်သာလောနိတ်တွင်မူ ထိုသူတို့ကို ခရစ်တော်လာချိန်ထိ အသက်ရှင်နေသေးသူများဟု ဖေါ်ပြပါသည်။ ကောရင့်ပထမဆောင်ကလည်း ထိုအဖြစ်အပျက်သည် တိတ်တဆိတ်မဟုတ်၊ လူသိရှင်ကြားဖြစ်မည်ဟု ပြောပါသည်။

ထိုကျမ်းပိုဒ်များအားလုံးက တူညီစွာပြောနေကြသည်မှာ၊ ရပ်ချာ(ချီဆောင်သိမ်းဆည်းခြင်း)သည် အရာအားလုံး၏အဆုံးသတ်တွင်၊ နောက်ဆုံးသောဘေးဒဏ်ကြီးအပြီးတွင် ဖြစ်ပျက်မည်ဆိုသည့်အကြောင်းဖြစ်ပါသည်။ မဿဲ၂၄း၂၉ က "ဘေးဒဏ်ကြီးကာလ၏နေ့ရက်များပြီးသည်နောက်ချက်ချင်း-------"ဟု ပြောပြပါသည်။ ထို့နောက် ကမ္ဘာပေါ်ရှိလူမျိုးနွယ်အားလုံး ဝမ်းနည်းပက်လက်ဖြစ်ကြသည်ကိုဖတ်ရပါသည်၊ ထိုသို့ ဝမ်းနည်းပက်လက်ဖြစ်ကြရခြင်းသည် ခရစ်တော်ပြန်လာခြင်းနှင့်သက်ဆိုင်ပါသည်၊ ခရစ်တော် ကမ္ဘာကြီး၏အဆုံးသတ်တွင် တရားစီရင်ရန် ပြန်ကြွလာခြင်းကြောင့်ဖြစ်ပါသည်။ ဗျာဒိတ်ကျမ်း ၁း၇၊ ၆း၁၂–၁၇ တို့နှင့် ရှင်မဿဲ ၂၄ ကိုနှိုင်းယှဉ်ဖတ်ကြည့်လျှင် ထိုအချက်ကိုသိနိုင်ပါသည်။

မဿဲ ၂၄း၃၇–၄၁၊ လုကာ ၁၇း၃၆–၃၇ တို့ကလည်း ထိုရပ်ချာ(ချီဆောင်သိမ်းဆည်းခြင်း)သည် နောက်ဆုံးတရားစီရင်ခြင်းမတိုင်ခင်ကလေးတွင် ဖြစ်ပျက်မည်ဟုထပ်ပြောပြကြပါသည်။ ထိုကျမ်းပိုဒ်များတွင် လူအများချီဆောင်ခံရခြင်း၊ ထွက်ခွာကြခြင်းကို သောဒုံမြို့၌ဖြစ်ပျက်ခဲ့သည်များ၊ နောဧခေတ်၌ ဖြစ်ပျက်ခဲ့သည်များနှင့် နှိုင်းယှဉ်၍ဖေါ်ပြကြပါသည်။ နောက်တနည်းပြောရလျှင်၊ ထိုအချိန် နောက်တွင်ထားခဲ့ခြင်းခံရသူများသည် တရားစီရင်ခြင်းခံကြရရန် ထားခဲ့ခြင်းဖြစ်ပါသည်ဟု ပြောနေခြင်းဖြစ်သည်။ သောဒုံနှင့်ဂေါမောရမြို့တို့တွင် ချန်ထားခြင်းခံကြရသူများအတိုင်းဖြစ်ကြပါမည် (ယုဒ ၇)။ နောဧခေတ် နောဧ၏သင်္ဘောပေါ်တွင် မပါဘဲ ချိန်ထားခြင်းခံကြရသူများကဲ့သို့ဖြစ်ပါမည် (၂ပေ ၃း၃–၇)။

ထို့အပြင်၊ ၁သက် ၄ က ကျွန်တော်တို့ကိုယ်ခန္ဓာများထမြောက်ခြင်းအကြောင်းကိုလည်း ပြောပြပါသည်။ ထိုအကြောင်းကို ကျမ်းစာတခုလုံးက နောက်ဆုံးသောနေ့ရက်တွင်သာဖြစ်မည်ဟု ပြောပြပါသည်(ယော ၆း၃၉–၄၀၊ ၄၄၊ ၅၄၊ ၁၁း၂၄)။ ထိုနောက်ဆုံးသောနေ့ကို အခြားသောရက်ပေါင်း ၃၆၅၀၀၀ ကလိုက်မည်မဟုတ်ပါ။ အထူးသဖြင့် ယော ၁၂း၄၈ တွင် ထိုနောက်ဆုံးသောနေ့ရက်သည် တရားစီရင်သောနေ့လည်းဖြစ်ပါသည်ဟု ပြောပြပါသည်။

ထို့ကြောင့် ကျွန်တော်တို့သည် နှစ်ပေါင်းတထောင်မတိုင်မှီဖြစ်သော၊ ဘေးဒဏ်ကြီးကာလမတိုင်ခင်ဖြစ်သော တိတ်တဆိတ်ရပ်ချာ(ချီဆောင်သိမ်းဆည်းခြင်း)ကို စောင့်မျှော်နေကြခြင်း မဟုတ်ပါ၊ ထို့မှဆန့်ကျင်စွာ အရာခပ်သိမ်း၏အဆုံးသတ်ချိန်တွင် ဖြစ်ပျက်မည့် သန့်ရှင်းသူ(ခရစ်ယာန်အားလုံး)တို့ကို လူသိရှင်ကြားချီဆောင်သိမ်းဆည်းမည့် ရပ်ချာကိုသာ စောင့်မျှော်နေကြပါသည်၊ ထိုရပ်ချာ၏ရလဒ်မှာ ကျွန်တော်တို့အားလုံး ဘုန်းကျက်သရေရှိစွာခရစ်တော်ထံ ထာဝရနေထိုင်ကြရမည်ဖြစ်ခြင်း ဖြစ်ပါသည် (၁သက် ၄း၁၇)။

## သခင်ယေရှု၏လာခြင်း – ရုတ်တရက်နှင့်မမျှော်လင့်သောအချိန်တွင်ဖြစ်မည်

(Jesus' Coming: Sudden and Unexpected)

အကယ်၍ ချီဆောင်သိမ်းဆည်းခြင်း(ရပ်ချာ)သည် ကျယ်လောင်သော၊ လူသိရှင်ကြားဖြစ်သော အဖြစ်အပျက်တခုဆိုလျှင် အဘယ့်ကြောင့် ခရစ်တော်၏လာခြင်းသည် ရုတ်တရက်၊ မမျှော်လင့်သောအချိန်တွင် ဖြစ်မည်ဟု ဖတ်ရပါသနည်း? (၁သက် ၅း၁–၉)။ ကျမ်းစာကပြောပါသည်၊ သူသည် "သူခိုးကဲ့သို့ ညအခါလာမည်။" (မဿဲ ၂၄း၄၃၊ ၂ပေ ၃း၁၀၊ ဗျာ ၃း၃၊ ၁၆း၁၅)

ဆိုလိုသောအမှန်တရားမှာ ခရစ်တော်သည် ဘုရားတရားမရှိသေသူများ၊ မယုံကြည်သူများထံသို့သာ မျှော်လင့်မထားသော သူခိုးကဲ့သို့ လာမည်ဟုပြောခြင်းဖြစ်ပါသည်။ ထိုအချက်ကို ၁သက် ၅း၁–၉ က အတော်ကလေး ရှင်းလင်းစေပါသည်။ ထိုနေရာတွင် ပေါလုက ဘုရားတရားမရှိသေသူများကို "သူတို့"ဟု လိပ်မူပါသည်(၁သက် ၅း၃)၊ ယုံကြည်သူတို့ကိုမူ "သင်တို့"ဟုခြားနားစွာသုံးပါသည်။ ပေါလုက သက်သာလောနိတ်အသင်းသူ/သားများထံ၊ မလွတ်နိုင်သောပျက်ဆီးခြင်းသည် "သူတို့"အပေါ်သို့ရောက်လာမည်ဟုပြောခြင်းဖြစ်သည်။ ထို့နောက် ချက်ချင်း "သင်တို့အပေါင်းသည် အလင်း၏သား၊ နေ့၏သားဖြစ်ကြ၏။ ညဉ့်၏သား၊ မှောင်မိုက်၏သား မဟုတ်" ထို့ကြောင့် ထိုနေ့သည် သင်တို့အပေါ်သို့ သူခိုးကဲ့သို့ရောက်လာမည်မဟုတ်ဟု ဆက်ပြောပါသည်(၁သက် ၅း၃–၅ ကို မြန်မာ ကျမ်းစာတွင် ဆရာယုဒသန်ဘာသာပြန်ခြင်းက သိပ်မရှင်းသော်လည်း ထိုသို့အဓိပ္ပါယ်ရှိပါသည်)။

လူဆိုးတို့သည် နောက်ဆုံးသောတရားစီရင်ခြင်းနှင့်ခရစ်တော်ပြန်လာခြင်းကို မျှော်လင့်မနေကြပါ။ သူတို့အများစုက သူပြန်လာမည့်အကြောင်းကို ကြားဖူးကြပါသည်၊ ဘုရားသခင်က ကမ္ဘာကြီးကို တရားစီရင်မည်ဟု သိကြပါသည်၊ သို့သော် ၎င်းအမှန်တရားကို သူတို့က မဖြောင့်မတ်ခြင်းနှင့်ကိုင်တွယ်ကြသည် (ရောမ ၁း၁၈)။ သူတို့သည် လှောင်ပြောင်သူများဖြစ်ကြသည်ဟု ပေတရုက ပြောပါသည် (၂ပေ ၃း၁–၈)။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် သူ၏အမျက်ဒေါသကို သူတို့အပေါ် ချက်ချင်းမသွန်းလောင်း၍၊ သူတို့က ဘုရားသခင်က သူတို့ကို ဘယ်တော့မှ တရားစီရင်မည်မဟုတ်ဟု ထင်နေကြခြင်းဖြစ်သည်။ ထို့အပြင် ယနေ့ချိန်၌ပင် ဘုရားသခင်က သူတို့အပေါ် ပို့နေတော်မူသော တရားစီရင်ခြင်းကို အသိအမှတ်မပြုချင်ကြပါ (အေအိုင်ဒီအက်စ်ရောဂါ၊ ငလျှင်များ၊ တော်မွတ်ခေါင်းပါးခြင်းများ၊ စစ်ပွဲများ)။

ထိုသို့သောသူများကို အသင်းတော်တွင်လည်း တွေ့ရပါသည်။ အသင်းတော်တွင်သူတို့သည် မိုက်မဲသော အပျိုစင်ငါးဦးကဲ့သို့ ရှိနေကြပါသည် (မဿဲ ၂၅း၁–၁၃)။ သတို့သား လာသောအခါ၊ သူတို့သည် အိပ်မောကျနေကြသည်၊ သူတို့မီးအိမ်များတွင်လည်း ဆီမရှိပါ၊ ထို့ကြောင့် သူတို့သည် မင်္ဂလာဆောင်ပွဲတွင် ပါဝင်ခွင့်မရကြတော့ပါ။ သူတို့သည် အသင်းတော်တွင်ပါဝင်ကြသည်၊ ယုံကြည်သူများဆိုသည့်အမည်ကိုလည်း ရယူထားကြသည်။ သို့သော် သူတို့သည် ဟန်ဆောင်သူများ၊ မယုံကြည်သူများသာဖြစ်ကြပါ သည်။

ဘုရားသခင်၏လူများကို ထိုဥပမာတော်တွင် ပညာရှိသောအပျိုစင်ငါးဦးဖြင့် ဖေါ်ပြပါသည်၊ သူတို့ကို သတို့သား ရောက်လာခြင်းက ဘယ်လိုမှ မတုန်လှုပ်စေပါ(ထို့ကြောင့် ချီဆောင်သိမ်းဆည်းခြင်း/ရပ်ချာသည် တိတ်တဆိတ်မဟုတ်ပါဟု ထပ်မံသက်သေပြနေပါသည်)။ သူတို့သည် မပြည့်မစုံဖြစ်သော်လည်း၊ အမြဲတမ်း စောင့်ကြည့်နေကြပါသည်၊ ခရစ်တော်၏လာခြင်းကို စောင့်မျှော်နေကြပါသည်။ ခရစ်တော်သည် သူကတိပေးထားသလို တကယ်ပြန်လာမည်ဟု ယုံကြည်နေကြပါသည်။ ခရစ်တော်လာခြင်းကို မမျှော်လင့်ဘဲတွေ့ကြုံလိုက်သည်ဆိုခြင်းမှာ မယုံကြည်သောကြောင့်သာဖြစ်ပါမည်။ ၁သက် ၅း၄ က သတိရစေသလို၊ ဘုရားသခင် ၏လူများသည် မယုံကြည်ခြင်းအမှောင်ထုနှင့်အပြစ်ထဲတွင် ရှိမနေကြပါ။ မည်သို့ပင်ဖြစ်ပါစေ၊ ယုံကြည်သူတို့ကလည်း သူလာမည့် နေ့ရက်၊ နာရီကို မသိကြပါ (မဿဲ ၂၄း၃၆၊ ၄၂၊ ၂၅း၁၃၊ မာကု ၁၃း၃၂)။ ယုံကြည်သူတို့ထံလည်း ခရစ်တော်က "သင်တို့မထင်မှတ်သော အချိန်နာရီ၌ လူသားသည်ကြွလာလိမ့်မည်"ဟုပြောခဲ့ပါသည် (မဿဲ ၂၄း၄၄)။

ထို့အတွက်ကြောင့် ကျွန်တော်တို့သည် စောင့်ကြည့်နေကြရန်၊ စောင့်နေကြရန်၊ ဆုတောင်းနေကြရန် အရေးတကြီးတာဝန်ရှိနေကြရခြင်းဖြစ်ပါသည်။ မဿဲ ၂၅း၁၃ က ထိုတာဝန်ကိုပြောပြပါသည်။ ထို့အတူ ၁သက် ၅း၆၊၈ ကလည်း ပြောပြပါသည်၊ "သို့ဖြစ်၍၊ အခြားသော သူတို့သည်အိပ်ပျော်သကဲ့သို့၊ ငါတို့သည် အိပ်ပျော်ဘဲ သမ္မာသတိရှိ၍ စောင့်နေကြကုန်အံ့။ ------- နေ့၏သားဖြစ်သော ငါတို့မူကား၊ သမ္မာသတိရှိကြကုန်အံ့။ ယုံကြည်ခြင်း၊ ချစ်ခြင်းတည်းဟူသော ရင်အုပ်တန်ဆာကိုငှါ၊ ကယ်တင်ခြင်းသို့ရောက်မည်ဟု မြော်လင့်ခြင်းတည်းဟူ သော သံခမောက်လုံးကိုငှါ၊ ဝတ်ဆောင်ကြကုန်အံ့။"

ထိုသတိပေးခြင်းသည် လိုအပ်လှပါသည်။ ပညာရှိသောအပျိုစင်ငါးဦးသည်လည်း မင်္ဂလာဆောင်သူတို့သားလာသောအခါ၊ အိပ်ပျော်လျှက်ရှိကြပါသည် (မဿဲ ၂၅း၅)။ သူတို့မီးအိမ်များထဲတွင် ဆီရှိပါသည် (ကျမ်းစာတွင် သန့်ရှင်းသောဝိညာဉ်တော်ကို ဆီဖြင့် ပုံဆောင်သည်)၊ သို့သော် သူတို့ကိုယ်တိုင်မှာမူ အိပ်ပျော်နေကြသည်။ ထိုအချက်ကိုစိတ်ထဲတွင်ထားလျှက် သခင်ယေရှုက တနေရာတွင် "လူသားသည် ကြွလာသောအခါမှ ယုံကြည်ခြင်းကို မြေကြီးပေါ်မှာတွေ့မည်လော"ဟုပြောရခြင်းဖြစ်သည် (လုကာ ၁၈း၈)။ ထိုသို့ ပြောခြင်းသည် ပြင်းပြင်းထန်ထန်ဆုတောင်းပါ၊ မကြာမကြာဆုတောင်းပါဟု ပြောဆိုခြင်းနှင့်ဆက်စပ်၍ပြောခြင်းဖြစ်သည်။

ထိုသတိပေးခြင်းသည် ကျွန်တော်တို့အတွက် လိုအပ်လှပါသည်၊ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့သည်လည်း ခရစ်တော် မည်သည့်အခါတွင်မှ မလာတော့မည့်ပုံစံနှင့် အသက်ရှင်တတ်ကြ၍ဖြစ်ပါသည်။ ခရစ်တော်လာမည်ဖြစ်သည်၊ ထို့ကြောင့် သူ ၏လာမည်ဖြစ်ခြင်းက ယနေ့ချိန်တွင် ကျွန်တော်တို့ကို တုန်လှုပ်ချောက်ချားမှုမဖြစ်စေသင့်ပါ။ ထို့ကြောင့် ကျွန်တော်တို့သည်

စောင့် ကြည့်နေကြပါမည်၊ ဆုတောင်းနေကြရပါမည်၊ ထိုသို့ဖြင့် ကျွန်တော်တို့သည် ဖြားယောင်းသွေးဆောင်ခြင်းသို့ မဝင်ရောက်ဘဲ နေနိုင်ကြပါမည်။

(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

**သုတ္တံ ၁၂း၁–၂၈ (ကျမ်းဘုရင်မူ)**

**၁ – ဆုံးမလမ်းညွှန်ခြင်းကိုချစ်သောသူသည် အသိပညာကိုချစ်သူဖြစ်သည်၊ သို့သော် ပြစ်တင်ဆုံးမခြင်းကိုမုန်းသူသည် တိရိစ္ဆာန်ကဲ့သို့ ကြမ်းကြုတ်သူဖြစ်သည်။**

**၂ – လူကောင်းသည် ဘုရားသခင့်မျက်နှာသာပေးခြင်းကို ရသည်၊ သို့သော် ဆိုးညစ်သောအကြံအစည်များကို ကြံစည်သူကို ဘုရားသခင်က အပြစ်ဒဏ်စီရင်မည်ဖြစ်သည်။**

**၃ – လူသည် ဆိုးညစ်ခြင်းဖြင့် မြဲမြံခြင်းသို့မရောက်နိုင်ပါ၊ သို့သော် ဖြောင့်မတ်သူ၏အမြစ်သည်  မရွေ့မရှားနေပါလိမ့်မည်။**

**၄ – ကောင်းမြတ်သောအမျိုးသမီးသည် သူမခင်ပွန်း၏သရဖူဖြစ်သည်၊ သို့သော် အရှက်ခွဲသောအမျိုးသမီးမှာမူ သူ၏အရိုးတို့ထဲရှိ ဆွေးမြေ့ခြင်းကဲ့သို့ဖြစ်သည်။**

**၅ – ဖြောင့်မတ်သူ၏အတွေးတို့သည် မှန်ကန်ကြသည်၊ သို့သော် ဆိုးယုတ်သူတို့၏အကြံပြုချက်များသည် လိမ်ညာခြင်းသာ ဖြစ်ကြပါသည်။**

**၆ – ဆိုးယုတ်သူ၏စကားလုံးတို့သည် အသွေးသွန်းခြင်းအတွက် ချောင်းမြောင်းနေတတ်ကြသည်၊ သို့သော် ဖြောင့်မှန်သူ၏နှုတ်က ၄င်းတို့ကို ကယ်လွှတ်မည်ဖြစ်သည်။**

**၇ – ဆိုးယုတ်သူတို့သည် ဖျက်ဆီးမှောက်လှန်ခြင်းကိုခံကြရသည်၊ ထို့နောက် မရှိကြတော့ပါ၊ သို့သော် ဖြောင့်မတ်သူ၏အိမ်မှာမူ မားမားရပ်နေပါမည်။**

**၈ – လူသည် မိမိ၏ဉာဏ်ပညာအတိုင်း ချီးကျူးခြင်းကိုခံရမည်၊ သို့သော် ကောက်ကွေ့သောနှလုံးသားရှိသူကိုမူ အထင်သေးကြမည် ဖြစ်သည်။**

**၉ – အထင်သေခြင်းခံရသော်လည်း အစေခံရှိသူသည်၊ မိမိကိုယ်ကိုချီးမြှောက်နေသော်လည်း၊ အစားအစာမရှိသောသူထက် ပို ကောင်းပါသည်။**

**၁၀ – ဖြောင့်မတ်သူသည် မိမိတိရိစ္ဆာန်၏အသက်ကို ဂရုထားပါသည်၊ သို့သော် ဆိုးယုတ်သူ၏နူးညံ့သောဂရုဏာတို့သည် ရက်စက် ကြမ်းကြုတ်ကြပါသည်။**

**၁၁ – မိမိ၏မြေကိုထွန်ယက်စိုက်ပျိုးသူသည် အစားအစာနှင့်ကျေနပ်ရလိမ့်မည်၊ သို့သော် အချည်းနှီးမဲ့လူများနောက် လိုက်သူသည် နားလည်ခြင်းကင်းမဲ့သူဖြစ်သည်။**

**၁၂ – ဆိုးယုတ်သူသည် လူဆိုးတို့၏ပိုက်ကွန်ကို လိုချင်ပါသည်၊ သို့သော် ဖြောင့်မတ်သူ၏အမြစ်တို့သည် အသီးအပွင့်တို့ကို သီးပွင့် စေပါသည်။**

**၁၃ – ဆိုးယုတ်သူသည် မိမိနှုတ်ခမ်းတို့၏ကျူးလွန်ခြင်းဖြင့် ကျော့မိတတ်သည်၊ သို့သော် ဖြောင့်မှန်သူမှာမူ ပြဿနာအခက်အခဲမှ ထွက်လာနိုင်မည်ဖြစ်သည်။**

**၁၄ – လူသည် သူ၏နှုတ်ခမ်း၏အသီးအပွင့်အားဖြင့် ကောင်းခြင်းတို့နှင့်ကျေနပ်ရလိမ့်မည်၊ ထို့အတူ လူတဦး၏လက်တို့ဖြင့်ပြုသော လက်စားချေခြင်းသည် သူ့ထံသို့ပြန်လည်ပေးဆပ်ခြင်းခံရပါမည်။**

**၁၅ – လူမိုက်၏လမ်းသည် သူ့မျက်လုံးတို့ထဲတွင် မှန်နေပါသည်၊ သို့သော် အကြံပြုခြင်းကိုနားထောင်သူသည် ပညာရှိသူဖြစ်သည်။**

**၁၆ – လူမိုက်၏အမျက်ဒေါသကို မကြာမီသိနိုင်သည်၊ သို့သော် ပညာရှိသူသည် အရှက်ရခြင်းကို ဖုံးပေးပါသည်။**

**၁၇ – အမှန်တရားကိုပြောသူသည် ဖြောင့်မတ်ခြင်းကို ပြသသူဖြစ်သည်၊ သို့သော် မှားသောသက်သေခံမှာမူ လိမ်ညာသူဖြစ်သည်။**

**၁၈ – ဓါးဖြင့်ထိုးဖေါက်ခံရသလို စကားပြောသူရှိသည်၊ သို့သော် ပညာရှိသူ၏လျှာမှာမူ ကျန်းမာခြင်းဖြစ်သည်။**

**၁၉ – အမှန်တရားကိုပြောသောနှုတ်ခမ်းသည် ထာဝရမြဲမြံပါမည်၊ သို့သော် လိမ်ညာသောလျှာမှာမူ ခဏသာတည်ပါမည်။**

**၂၀ – လိမ်ညာခြင်းသည် ဆိုးညစ်ခြင်းကိုစိတ်ကူးယဉ်သူတို့၏ နှလုံးသားထဲတွင် ရှိနေသည်၊ သို့သော် ငြိမ်းချမ်းခြင်း၏ အတိုင်ပင်ခံ တို့ထံတွင် ဝမ်းမြောက်ခြင်းရှိပါသည်။**

**၂၁ – ဖြောင့်မတ်သူထံတွင် ဆိုးညစ်ခြင်း ဖြစ်လိမ့်မည်မဟုတ်၊ သို့သော် ဆိုးယုတ်သူထံတွင် ဒုက္ခများနှင့်ပြည့်နေပါမည်။**

**၂၂ – လိမ်ညာသောနှုတ်ခမ်းတို့သည် ဘုရားသခင့်ထံ ရွံစရာဖြစ်သည်၊ သို့သော် မှန်ကန်စွာဆက်ဆံသူတို့ကိုမူ ဘုရားသခင်သဘော ကျပါသည်။**

**၂၃ – ပညာရှိသူသည် အသိပညာကို ဖွက်ထားပါသည်၊ သို့သော် မိုက်မဲသူတို့၏နှလုံးသားက မိုက်မဲခြင်းကို ကြေညာတတ်ပါသည်။**

**၂၄ – လုံ့လဝီရိယလက်ရှိသူသည် အုပ်စိုးရလိမ့်မည်၊ သို့သော် ပျင်းရိသောသူမှာမူ အခွန်ပေးရသူဖြစ်လိမ့်မည်။**

**၂၅ – လူ၏နှလုံးသားရှိ လေးလံခြင်းက ထိုသူ့ကို လက်ပြင်ကိုင်းစေပါသည်၊ သို့သော် ကောင်းသောစကားလုံးက ၄င်းကိုဝမ်းမြောက် စေပါသည်။**

၂၆ – ဖြောင့်မတ်သူသည် သူ၏အိမ်နီးချင်းထက် ပို၍ကြီးမြတ်ပါသည်၊ သို့သော် ဆိုးညစ်သူ၏လမ်းက သူတို့ကို ခြားယောင်းသွေးဆောင်ပါသည်။
၂၇ – ပျင်းရိသူသည် အမဲလိုက်ခြင်းမှရလာသောသားကောင်ကို မကင်ပါ၊ သို့သော် လုံ့လဝီရိယရှိသူ၏ပစ္စည်းဥစ္စာများသည် တန်ဖိုးရှိလှပါသည်။
၂၈ – ဖြောင့်မတ်သူ၏လမ်းသည် အသက်ဖြစ်သည်၊ ထို့အပြင် ထိုသူ သွားသောလမ်းတွင် သေခြင်းလည်းမရှိပါ။

××××××××××××××××××××××

ဖေက် ၆း၁–၂၄ (ဂျိန်းဘုရင်မူ)
၁ – ကလေးတို့၊ သခင်ဘုရား၌ သင်တို့၏မိဘများကို နာခံကြပါ၊ အဘယ့်ကြောင့်ဆိုသော် ထိုသို့ပြုခြင်းသည် မှန်သောကြောင့် ဖြစ်သည်။
၂ – သင်၏ဖခင်နှင့်မိခင်ကို ရိုသေပါ၊ (၎င်းသည် ကတိတော်နှင့်လာသော ပထမပညတ်ဖြစ်သည်)
၃ – အရာအားလုံးသည် သင့်ထံ၌ အဆင်ပြေမည်၊ သင်သည် ကမ္ဘာပေါ်တွင် အသက်ရှည်မည်ဖြစ်သည်။
၄ – ဖခင်တို့ သင်တို့သားသမီးများကို အမျက်ဒေါသဖြစ်ရန် မဆွနှင့်၊ ထို့မှဆန့်ကျင်စွာ ၎င်းတို့ကို သခင်ဘုရား၏ဆုံးမခြင်းနှင့် ပြုစုပျိုးထောင်ခြင်း၌ ကြီးပြင်းလာစေကြပါ။
၅ – အစေခံတို့၊ အသွေးအသားအရ သင်တို့၏သခင်များကို နာခံကြပါ၊ ကြောက်ရွံ့တုန်လှုပ်ကြပါ၊ သင်တို့နှလုံးသားတွင် စိတ်တခု တည်းဖြစ်စေပါ၊ ခရစ်တော်ထံပြုသကဲ့သို့ ပြုကြပါ၊
၆ – လူတို့ကိုကျေနပ်စေသူတို့ကဲ့သို့ သူတို့မျက်မှောက်၌သာမဟုတ်ဘဲ၊ ခရစ်တော်၏အစေခံများကဲ့သို့၊ ဘုရားသခင်၏အလိုတော်ကို နှလုံးသားမှဆောင်ရွက်ခြင်းအနေနှင့်နာခံကြပါ၊
၇ – ကောင်းသောစိတ်နှင့် လူတို့ထံသို့မဟုတ်ဘဲ သခင်ဘုရားထံကဲ့သို့ အမှုဆောင်ကြပါ၊
၈ – မည်သူမဆို ကောင်းမြတ်ခြင်းကိုပြုသူသည်၊ အနှောင်ဖွဲ့ခံရသူဖြစ်စေ၊ လွတ်လပ်သူဖြစ်စေ၊ သူလုပ်သောကောင်းမြတ်ခြင်းအတိုင်း သခင်ဘုရားထံမှ ပြန်ရမည်ဖြစ်သည်ကို သိလျှက် ကောင်းစွာပြုကြပါ။
၉ – ထို့အတူ အကြီးအကဲတို့၊ စိတ်ကိုထိန်းလျှက် ခြိမ်းခြောက်ခြင်းကိုမလုပ်ဘဲ၊ သူတို့ထံ ထိုသို့ပင်ပြုကြပါ၊ သင်တို့၏အရှင်သခင်သည်လည်း ကောင်းကင်၌ရှိသည်ကို သိကြလျှက် ထိုသို့ပြုကြပါ၊ သူသည် မည်သူ့ကိုမှ မျက်နှာမလိုက်သည်ကို သိမှတ်ကြပါ။
၁၀ – နောက်ဆုံးအနေနှင့်၊ ငါ့ညီအကိုတို့၊ သခင်ဘုရား၌သန်မာကြပါ၊ သူ၏ခွန်အားကြီးခြင်း၏တန်ခိုး၌ သန်မာကြပါ။
၁၁ – ဘုရားသခင်၏သံချပ်ကာအစုံကို ဝတ်ဆင်ကြပါ၊ ထိုသို့ဖြင့် သင်တို့သည် နတ်ဆိုး၏မာယာကို ဆန့်ကျင်ခံရပ်နိုင်ကြပါမည်။
၁၂ – အဘယ့်ကြောင့်ဆိုသော် ငါတို့သည် အသွေးအသား ရှိသူတို့နှင့် ဆန့်ကျင်တိုက်ခိုက် နပန်းလုံးနေကြသည် မဟုတ်ပါ၊ ထို့မှ ဆန့်ကျင်စွာ အမြင့်ဆုံးအုပ်စိုးသူများနှင့်ဖြစ်သည်၊ တန်ခိုးသြဇာများနှင့်ဆန့်ကျင်နေကြရခြင်းဖြစ်သည်၊ ဤကမ္ဘာကြီး၏အမှောင်ထု၌ အုပ်ချုပ်နေကြသူများနှင့် ဆန့်ကျင်နေကြရခြင်းဖြစ်သည်၊ မြင့်မားသောနေရာများတွင်ရှိကြသည် ဝိညာဉ်ရေးရာဆိုးညစ်သူများနှင့် ဆန့်ကျင်နေကြရခြင်းဖြစ်ပါသည်။
၁၃ – ထို့ကြောင့် ဘုရားသခင်၏သံချပ်ကာဝတ်စုံတခုလုံးကို သင်တို့ထံ ဝတ်ဆင်ကြပါ၊ ထိုသို့ဖြင့် သင်တို့သည် ဆိုးညစ်သောနေ့တွင် ခံရပ်နိုင်ကြပါမည်၊ ခုခံခြင်းအလုံးစုံကိုပြုကြလျှက် မတ်မတ်ရပ်နိုင်ကြပါမည်။
၁၄ – ထို့ကြောင့် ခံရပ်ကြပါ၊ သင်တို့ခါးကို အမှန်တရားခါးပတ်နှင့် ပတ်ထားကြပါ၊ ဖြောင့်မတ်ခြင်းရင်အုပ်ကာကို ဝတ်ထားကြပါ။
၁၅ – ထို့နောက် သင်တို့ခြေကို ငြိမ်းချမ်းခြင်းဧဝံဂေလိဟောခြင်း၏ ကြိုတင်ပြင်ဆင်မှုဖိနပ်ကို စီးကြပါ၊
၁၆ – ၎င်းတို့အပြင်၊ ယုံကြည်ခြင်းဆိုသည် ဒိုင်းကိုလည်း ယူကြပါ၊ ထိုအရာနှင့် သင်တို့သည် ဆိုးညစ်ခြင်း၏မီးမြှားများကို ငြိမ်းသတ်နိုင်ကြမည်ဖြစ်သည်။
၁၇ – ထို့နောက် ကယ်တင်ခြင်းဖြစ်သည့် သံခမောက်ကိုဆောင်းကြပါ၊ ဝိညာဉ်တော်၏ဓါးဖြစ်သော ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကိုင်ဆွဲကြပါ၊
၁၈ – ဆုတောင်းခြင်းမျိုးစုံ၊ အသနားခံခြင်းမျိုးစုံနှင့် ဝိညာဉ်တော်အားဖြင့် ဆုတောင်းကြပါ၊ ထို့အပြင် အားလုံးသော ဖွဲလုံ့လဝီရိယရှိခြင်းဖြင့် စောင့်ကြည့်လျှက်၊ သန့်ရှင်းသူအားလုံးတို့အတွက် ဆုတောင်းကြပါ၊
၁၉ – ငါ့အတွက်လည်း တောင်းပေးကြပါ၊ ထိုသို့ဖြင့် ငါ့ထံတွင် ဟောပြောခြင်းကို ပေးတော်မူမည်ဖြစ်သည်၊ ထိုသို့ဖြင့် ငါသည် နှုတ်ကို ရဲရဲဖွင့်ရဲပါမည်၊ ဧဝံဂေလိတရား၏နက်နဲခြင်းကို အများသိလာရန်ပြုနိုင်ပါမည်၊
၂၀ – ထို့အတွက်ကြောင့် ငါသည် အတုတ်နှောင်ခံနေရသော သံအမတ်ဖြစ်ပါသည်၊ ထိုသို့သောအခြေအနေတွင် ငါသည် ငါပြောသင့်သည်အတိုင်း ရဲရင့်စွာပြောနိုင်ပါမည်။
၂၁ – သို့သော် ငါ့ထံမှအဖြစ်အပျက်များကို သင်တို့လည်း သိလာပါမည်၊ ငါ့အခြေအနေမည်သို့ဖြစ်သည်ကို၊ ချစ်လှစွာသောညီအကိုနှင့် သခင်ဘုရား၏သစ္စာရှိသောသင်းအုပ် တိုင်ခီးခပ်စ်က၊ အလုံးစုံပြောပြပါလိမ့်မည်၊
၂၂ – သူ့ကို ထိုရည်ရွယ်ချက်အတွက် သင်တို့ထံ ငါ လွှတ်လိုက်ပါသည်၊ ထိုသို့ဖြင့် သင်တို့သည် ငါတို့အခြေအနေများကို သိနိုင်ကြပါမည်၊ ထိုသို့ဖြင့် သူက သင်တို့နှလုံးသားများကို နှစ်သိမ့်ပေးပါလိမ့်မည်။
၂၃ – ငြိမ်းချမ်းခြင်းသည် ညီအကိုတို့ထံ ရှိပါစေ၊ ခမည်းတော်ဘုရားသခင်နှင့် သခင်ယေရှုခရစ်ထံမှ ယုံကြည်ခြင်းနှင့်ဖြစ်သောချစ်ခြင်းသည် တည်ရှိပါစေ။
၂၄ – ငါတို့သခင်ယေရှုခရစ်အား ရိုးသားခြင်းနှင့်ချစ်ကြသူအားလုံးတို့ထံ ကျေးဇူးတော်ရှိနေပါစေ။ အာမင်။

++++++++++++++++++++++++++++

**သခင်ဘုရား၏နေ့ (၁၃)**

၃၃။ ကျွန်ုပ်တို့ကို ဘုရားသခင်၏သားသမီးများဟုခေါ်လျှက်နှင့်၊ အဘယ်ကြောင့် သခင်ခရစ်တော်ကို ဘုရားသခင် ၏တပါးတည်းသာမွေးသောသား

တော်ဟု ခေါ်ပါသနည်း?

အဘယ်ကြောင့်ဆိုသော် သခင်ခရစ်တော်သာ ထာဝရအားဖြင့်၄င်း၊ သဘာဝအားဖြင့်၄င်း ဘုရားသခင်၏ သားတော်ဖြစ်၍၊ ကျွန်ုပ်တို့မူကား သူ့အတွက်ကြောင့်သာ ကျေးဇူးတော်အားဖြင့် ဘုရားသခင်၏မွေးစားခြင်းကို ခံရ သော သားသမီးများဖြစ်သည်။
(ယော ၁း၁၊ ဟေဗြဲ ၁း၂၊ ရော ၈း၁၅–၁၇၊ ဧဖက် ၁း၅–၆)

၃၄။ သင်က အဘယ့်ကြောင့် သူ့အား ကျွန်ုပ်တို့၏ သခင်ဟုခေါ်ပါသနည်း?

အဘယ်ကြောင့်ဆိုသော်၊ သူက ကျွန်ုပ်တို့၏ခန္ဓာရောဝိညာဉ်ပါ အပြစ်များအားလုံးမှနေ၍ ရွှေငွေတို့နှင့်မဟုတ်၊ အဖိုးထိုက်လှသော သူ၏အသွေးတော်အားဖြင့်ကယ်တင်လျှက် နတ်ဆိုး၏ တန်ခိုးအားလုံးမှနေ၍ လွတ်မြောက်စေပြီး၊ ကျွန်ုပ်တို့အား သူပိုင်ဆိုင်သူများအဖြစ် ပြုလုပ်သောကြောင့် ဖြစ်ပါသည်။ (၁ပေ ၁၈–၁၉၊ ၁ကော ၆း၂၀)